# ဟန္နအမှုတော်

ဖတ်ရန်ကျမ်း။ ။ ၁ရှမွေ၊၁း၁–၂း၁၁၊ ၁၈–၂၁၊ ၂၆

**I. ကျွန်ုပ်တို့သည် သခင်ဘုရား၏ပြန်လည်ရယူခြင်း ဆိုသည်မှာ မည်သည့်အရာဖြစ်ကြောင်းကို သိနားလည်ကြရမည်။ သခင်ဘုရား၏ပြန်လည်ရယူခြင်းမှာ ဇိအုန်ကို တည်ဆောက်ရန်ဖြစ်သည်၊ ဇိအုန်သည် သန့်ရှင်းသောမြို့တော်၊ ယေရုရှလင်မြို့သစ် ပြီးမြောက်ပြည့်စုံရန် ခရစ်တော်ကိုယ်ခန္ဓာတော်၏စစ်မှန်ခြင်းတည်းဟူသော အောင်မြင်သူများကို ပုံဆောင်သည်။**

က။ ဇိအုန်သည် ရှင်ဘုရင်ဒါဝိဒ်၏မြို့တော်ဖြစ်ပြီး (၂ရှမွေ၊၅း၇)၊ ယေရုရှလင်မြို့၏ အလယ်ဗဟိုဖြစ်ကာ၊ မြေကြီးပေါ်တွင် ဘုရားသခင်၏ ကိန်းဝပ်ရာနေရာတည်းဟူသော ဗိမာန်တော် တည်ဆောက်ရာနေရာ ဖြစ်သည် (ဆာ၊၄၈း၂။ ၉း၁၁။ ၇၄း၂။ ၇၆း၂ခ။ ၁၃၅း၂၁။ ဟေရှာ၊ဂး၁၈)။

ခ။ ဓမ္မဟောင်းကျမ်းတွင် ယေရုရှလင်မြို့နှင့်အတူ အလယ်ဗဟိုအဖြစ် ဇိအုန်ရှိသည်။ ပုံဆောင်ချက်၌ အသင်းတော်အသက်တာသည် ယနေ့၏ယေရုရှလင်မြို့ဖြစ်သည်။ အသင်းတော်အတွင်း၌ စုံလင်ခြင်းခံရပြီး၊ ကြီးရင့်သော ဘုရားလူများဖြစ်သည့် အောင်မြင်သူများပါဝင်သောအုပ်စုတစ်စုရှိကာ၊ ဤအောင်မြင်သူများသည် ယနေ့၏ဇိအုန်ဖြစ်သည်–ညွှန်း၊ ဗျာ၊၁၄း၁–၅။

ဂ။ သန့်ရှင်းသောမြို့တော် ယေရုရှလင်မြို့၏ထွန်းလင်းတောက်ပခြင်းနှင့် လှပခြင်းအဖြစ် (ဆာ၊၄၈း၂။ ၅၀း၂) ဇိအုန်သည် အသင်းတော်၏ အမြင့်ဆုံး အထွတ်အထိပ်၊ အလယ်ဗဟို၊ မြှင့်တင်ခြင်း၊ သန့်စွမ်းခြင်း၊ ကြွယ်ဝခြင်း၊ လှပခြင်းနှင့် စစ်မှန်ခြင်းတည်းဟူသော အောင်မြင်သူများကို ပုံဆောင်သည် (၄၈း၂၊၁၁–၁၂။ ၂၀း၂။ ၅၃း၆က။ ၈၇း၂)။

ဃ။ ယေရုရှလင်မြို့၏သွင်ပြင်လက္ခဏာများ၊ အသက်၊ ကောင်းချီးနှင့် တည်ဆောက်ခြင်းတို့သည် ဇိအုန်မှ လာသည်– ၁ဘုရင်၊ ဂး၁။ ဆာ၊၅၁း၁၈။ ၁၀၂း၂၁။ ၁၂၈း၅။ ၁၃၅း၂၁။ ဟေရှာ၊၄၁း၂၇။ ယောလ၊၃း၁၇။

င။ ဇိအုန်တည်းဟူသော အောင်မြင်သူများသည် ခရစ်တော်ကိုယ်ခန္ဓာတော်၏စစ်မှန်ခြင်း ဖြစ်ပြီး၊ ဒေသန္တရအသင်းတော်များ၌ ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းကို ပြီးမြောက်စေကာ၊ ထာဝရကာလ၌ ဘုရားသခင်၏ကိန်းဝပ်ရာနေရာတည်းဟူသော အဆုံးစွန်ပြီးမြောက်ပြည့်စုံသော အသန့်ရှင်းဆုံးဌာနဖြစ်သည့် သန့်ရှင်းသောမြို့တော်၊ ယေရုရှလင်မြို့သစ်ကို ယူဆောင်လာပေးသည် (ဗျာ၊၂၁း၁၆။ ညွှန်း၊ ထွ၊၂၆း၂–ဂ။ ၁ဘုရင်၊၆း၂၀)။ ကောင်းကင်သစ်နှင့် မြေကြီးသစ်၌ ယေရုရှလင်မြို့သစ်တစ်ခုလုံးသည် ဇိအုန်ဖြစ်၍၊ ယုံကြည်သူများအားလုံးသည် အောင်မြင်သူများ ဖြစ်ကြလိမ့်မည်ဖြစ်သည် (ဗျာ၊၂၁း၁–၃၊၇၊ ၁၆၊ ၂၂)။

စ။ ဗျာဒိတ်ကျမ်း၌ သခင်ဘုရားအလိုရှိသောအရာနှင့် သခင်ဘုရားတည်ဆောက်မည့်အရာမှာ ဇိအုန်၊ အောင်မြင်သူများ ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏သန့်ရှင်းသောနှုတ်ကပတ်တော်၌ရှိသော ဝိညာဉ်ဆိုင်ရာဖွင့်ပြခြင်း၏ပင်ကို စစ်မှန်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် တမန်တော်ပေါလု ပြုခဲ့သကဲ့သို့ပင် မည်သည့်အဖိုးအခ၌မဆို ထက်သန်ပြင်းပြစွာ ဆုတောင်းရန်နှင့် အဖိုးအခပေးရန် အမှန်ပင် လိုအပ်နေသည်– ဧ၊၆း၁၇–၁၈။ ကော၊၄း၂။ ဖိ၊၃း၈–၁၄။

ဆ။ သခင်ဘုရားက ဤခေတ်ကာလ၌ အောင်မြင်သူများကို ခေါ်ခြင်းအား ကျွန်ုပ်တို့၏တုံ့ပြန်ခြင်းမှာ ရှင်သန်နိုးကြားခြင်းရှိရန်ဖြစ်သည်။ ရှင်သန်နိုးကြားခြင်းရှိရန် ဆိုသည်မှာ ကျွန်ုပ်တို့၏ အသက်ရှင်သော၊ ပြုမူလုပ်ဆောင်သောဘုရားသခင်နှင့်အတူ အသက်ရှင်ခြင်းနှင့် ပြုမူလုပ်ဆောင်ခြင်းရှိရန် ဖြစ်သည်။ ဘုရားသခင်၏ထာဝရစီမံကိန်းပြီးမြောက်ခြင်းအတွက် မြေကြီးပေါ်တွင် ဘုရားသခင်၏ လှုပ်ရှားလုပ်ဆောင်မှုမှာ အဆုံးစွန်အားဖြင့် အောင်မြင်သူများမှတစ်ဆင့် ဖြစ်သည်။

ဇ။ မတရားသိမ်းယူခြင်းခံထားရသော ဤမြေကြီးပေါ်တွင် သခင်ဘုရားထံသို့ လုံးလုံးဖွင့်ပေးသော၊ ကိုယ်တော့်အားဖြင့် လုံးလုံးပိုင်ဆိုင်ခြင်းခံရသော ဇိအုန်တောင်တည်းဟူသော ယေဟောဝါ၏တောင်ရှိသည်။ ဇိအုန်အားဖြင့် ပုံဆောင်သည့် အောင်မြင်သူများသည် ခြေကုပ်ယူထားသောတပ်ဖြစ်ပြီး၊ ထိုတပ်မှတစ်ဆင့် ဘုန်းကြီးသောရှင်ဘုရင် သခင်ဘုရားသည် မြေကြီးတစ်ပြင်လုံးကို သူ၏နိုင်ငံတော်အဖြစ် ပိုင်ဆိုင်ရန် ပြန်ကြွလာမည်ဖြစ်သည်– ဆာ၊၂၄း၁–၃၊ ၇–၁၀။ ဒံ၊၂း၃၄–၃၅။ ၇း၁၃–၁၄။ ယောလ၊၃း၁၁။ ဗျာ၊၁၁း၁၅။ ၁၉း၁၃–၁၄။

ဈ။ ခရစ်တော်ကိုယ်ခန္ဓာတော်၏စစ်မှန်ခြင်းတည်းဟူသော ဘုရားသခင့် ထာဝရစီမံကိန်း၏ အမြင့်ဆုံး အထွတ်အထိပ်သို့ ရောက်ရှိရန် ဆုတောင်းခြင်းမှလွဲ၍ အခြားသောနည်းလမ်းမရှိပါ။ ခရစ်တော်၏ သတို့သမီးဖြစ်လာရန် ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းအဖြစ် ကျွန်ုပ်တို့ အောင်မြင်သူများ ဖြစ်လာခြင်းသည် အသင်းတော်၏ ခေတ်ကာလဖြစ်သော ဤခေတ်ကာလကို အဆုံးသတ်စေပြီး၊ ဘုန်းကြီးသောရှင်ဘုရင်ဖြစ်သည့် ခရစ်တော်ကို ပြန်ကြွလာစေကာ၊ ဤမြေကြီးကို ရယူ၊ ပိုင်ဆိုင်၍

နိုင်ငံတော်ခေတ်ကာလ၌ ကိုယ်တော်၏ အောင်မြင်သူများနှင့်အတူ အုပ်စိုးခြင်းရှိစေမည်ဖြစ်သည်– အငယ်၊၇–၉။ ၂၀း၄–၆။ ဆာ၊ ၂၄း၇–၁၀။

## II. ရှမွေလပထမစာစောင်သည် ပုံဆောင်ချက်၌ ရှင်ဘုရင်တည်းဟူသောခရစ်တော် (ဒါဝိဒ်အားဖြင့် ပုံဆောင်ခြင်း)ကို ကိုယ်တော်၏နိုင်ငံတော်နှင့်အတူ ယူဆောင်လာခြင်းကို ပြသထားသည်။

က။ ဧလိလက်အောက်တွင် အာရုန်ဆိုင်ရာယဇ်ပုရောဟိတ်အရာသည် ဟောင်းနွမ်းဆုတ်ယုတ်၍ ချုပ်ငြိမ်းလုဖြစ်ကာ (၁ရှမွေ၊ ၂း၁၂–၂၉)၊ ဘုရားသခင်သည် သူ၏ထာဝရစီမံကိန်းပြီးမြောက်ပြည့်စုံခြင်းအတွက် အသစ်သောစတင်မှု ရှိရန် အလိုဆန္ဒရှိခဲ့သည်။

၁။ တရားသူကြီးများစာစောင်တွင် ပါဝင်သောအရာမှာ အစ္စရေးအမျိုးသားတို့သည် ဘုရားသခင်၌ ကိုးစားခြင်း၊ ဘုရားသခင်ကို စွန့်လွှတ်ခြင်း၊ သူတို့၏ရန်သူများအားဖြင့် ချေမှုန်းခံရခြင်းနှင့် သူတို့၏စိတ်ပျက်ဖွယ်အခြေအနေ၌ ဘုရားသခင်ထံသို့ နောင်တရခြင်းတို့ ပါဝင်သည်။ သူတို့သည် သခင်ဘုရားထံ လှည့်ပြန်ကြသောအခါ၊ ကိုယ်တော်သည် သူတို့ကို ဖိနှိပ်သူများလက်မှ ကယ်လွှတ်ရန် တရားသူကြီးတစ်ဦးကို ပေါ်ထွက်စေသော်လည်း၊ ထိုတရားသူကြီး သေဆုံးသောအခါ၊ သူတို့သည် သူတို့၏ ဆိုးညစ်သောလမ်းများသို့ လှည့်ပြန်သွားကြပြီး၊ ထပ်မံ ယိုယွင်းပျက်စီးသွားခဲ့ကြသည် (၁း၁–၂။ ၂း၁၁–၃း၁၁)။ ယင်းသည် တရားသူကြီးများစာစောင်၌ ခုနစ်ကြိမ်တိုင်တိုင် ထပ်ကာ တလဲလဲ ဖြစ်ပေါ်ခဲ့သည့် စက်ဝန်းတစ်ခု ဖြစ်သည်။

၂။ နှစ်ပေါင်းများစွာပင် အသင်းတော်သည် တရားသူကြီးများလက်အောက်ရှိ အစ္စရေးသမိုင်းကို အဖန်ဖန် ထပ်ကျော့ခဲ့ကြသည်၊ သို့သော် ယနေ့ ဘုရားသခင်သည် အနှစ်တစ်ထောင်ကာလ၌ အုပ်စိုးသောရှင်ဘုရင်တည်းဟူသော စစ်မှန်သော ဒါဝိဒ်ဖြစ်သည့် ခရစ်တော်နှင့်အတူ ကိုယ်တော်၏ နိုင်ငံတော်ကို ယူဆောင်လာမည့် အောင်မြင်သောနာဇရိများ၊ ရှမွေလများကို အလိုရှိနေသည် (စာရင်း၊၆း၁–၉ နှင့် အောက်ခြေမှတ်စုများ)။ အနှစ်တစ်ထောင်တွင် အောင်မြင် သူများသည် “နေထွန်းလင်းသကဲ့သို့ မိမိတို့အဖ၏ နိုင်ငံတော်၌ ထွန်းလင်း”ကြလိမ့်မည်ဖြစ်သည် (မ၊၁၃း၄၃)။

၃။ ယနေ့ ကျွန်ုပ်တို့သည် စာတန်ဆိုင်ရာဗရမ်းဗတာဖြစ်ခြင်းအလယ်တွင် ရှိနေသော အသင်းတော်ခေတ်ကာလမှ ရှင်ဘုရင်နှင့် ကိုယ်တော်၏ အနှစ်တစ်ထောင် နိုင်ငံတော်ကာလသို့ ခေတ်ကို ပြောင်းလဲစေမည့် အသစ်သောနိုးကြားမှု၊ အသစ်သောတစ်စုံတစ်ရာအတွက် သခင်ဘုရားထံ မျှော်ကြည့်ရန် လိုအပ်သည်။

ခ။ ရှမွေလ မွေးဖွားလာခြင်းအတွက် ဘုရားသခင်သည် အဖြစ်အပျက်၏နောက်ကွယ်တွင် အရာများကို အစပြုဖြစ်ပွားစေခဲ့သည်။ တစ်ဖက်တွင် ကိုယ်တော်သည် ဟန္န၏ဝမ်းကို ပိတ်တော်မူခဲ့သည်။ အခြားတစ်ဖက်တွင် “ယေဟောဝါသည် သူမ၏ ဝမ်းကို ပိတ်သောကြောင့် သူမကို စိတ်ဆိုးစိတ်ညစ်အောင်” အလွန်နှောင့်ယှက်ရန် ပေနိန္နကို ပြင်ဆင်တော်မူခဲ့သည် (၁ရှမွေ၊၁း၅–၆)။ တစ်နှစ်ပြီးတစ်နှစ် ဟန္နသည် ယေဟောဝါ၏ အိမ်တော်သို့ သွားရောက်ခဲ့ကာ၊ ပေနိန္နသည် သူမ ငိုကြွေးပြီး၊ အစာမစားနိုင်သည့်တိုင်အောင် သူမကို နှောင့်ယှက်ခဲ့သည် (အငယ်၊၇)။

ဂ။ ထိုအရာက ဟန္နအား သူမကို သားယောကျ်ားတစ်ဦးပေးပါမည့်အကြောင်း သခင်ဘုရားကို ဆုတောင်းရန် တွန်းအားပေးခဲ့သည်။ ဘုရားသခင်ထံသို့ သစ္စာကတိပြုခဲ့သည့် ဟန္န၏ဆုတောင်းချက်သည် ဟန္နအားဖြင့် အစပြုခဲ့ခြင်း မဟုတ်ဘဲ၊ ဘုရားသခင်အားဖြင့် အစပြုခဲ့ခြင်းဖြစ်သည်။ ဘုရားသခင်သည် ဟန္န၏ဆုတောင်းချက်နှင့် သူမ၏ကတိသစ္စာကို ကျေနပ်နှစ်သက်ခြင်း ရှိခဲ့ပြီး၊ သူမ၏ဝမ်းကို ဖွင့်ပေးခဲ့သည် (အငယ်၊၁၀–၁၁၊ ၂၀)။ ဟန္နသည် ပဋိသန္ဓေယူခဲ့ပြီး၊ သားယောကျ်ားကို မွေးဖွားခဲ့ကာ၊ ထိုသားကို ရှမွေလ (“ဘုရားသခင်ကြားတော်မူပြီ” သို့မဟုတ် ဘုရားသခင်ထံမှ တောင်းလျှောက်ခဲ့ပြီ”ဟု အဓိပ္ပာယ်ရသည်) ဟု အမည်ပေးခဲ့သည်။

ဃ။ ဘုရားသခင်သည် ဟန္နအား အသက်၏လမ်းကြောင်း၌ ကိုယ်တော်နှင့်တစ်လုံးတစ်ဝရှိသော လူပုဂ္ဂိုလ်တစ်ဦး ဖြစ်လာရန် လှုံ့ဆော်ပေးနိုင်ခဲ့သည်။ အသက်၏လမ်းကြောင်း ဆိုသည်မှာ ဘုရားသခင့်လူများ၏ မွေ့လျော်ဝမ်းမြောက်ခြင်းအတွက် ခရစ်တော်ကို မွေးဖွားထွက်ပေါ်စေမည့် လမ်းကြောင်း ဖြစ်သည်၊ သို့မှသာ မြေကြီးပေါ်တွင် ဘုရားသခင်သည် သူ၏နိုင်ငံတော်ကို ရရှိနိုင်မည်ဖြစ်သည်။ ထိုနိုင်ငံတော်သည် ခရစ်တော်၏ကိုယ်ခန္ဓာတော် တည်းဟူသော အသင်းတော် (မ၊၁၆း၁၈–၁၉။ ရော၊၁၄း၁၇–၁၈။ ဧ၊၁း၂၂–၂၃)၊ သုံးပါးတစ်ပါးဘုရား၏ရှင်သန်သောစေ့စပ်ထုံးဖွဲ့မှု ဖြစ်သည်။ အသက်၏လမ်းကြောင်းပေါ်တွင် ကိုယ်တော်နှင့်အတူ တစ်လုံးတစ်ဝတည်းရှိမည့် ထိုကဲ့သို့သော လူပုဂ္ဂိုလ်ကို ဘုရားသခင် ရရှိနေသရွေ့၊ မြေကြီးပေါ်တွင် ကိုယ်တော်၌ လမ်းရှိနေမည်ဖြစ်သည် (၁ရှမွေ၊၁း၁–၂း၁၁၊၁၈–၂၁၊ ၂၆)။

င။ အမှန်စင်စစ် မည်သည့် လူသားဖြစ်ခြင်းမျှ ရှမွေလ၏ မူလအစ မဟုတ်ပါ။ ဘုရားသခင်သည် ကိုယ်တော်၏ လူများကို အုပ်စိုးမှုရှိစွာ၊ လျှို့ဝှက်စွာ လှုံ့ဆော်ပေးခဲ့သည့် စစ်မှန်သောမူလအစဖြစ်သည်။ ဟန္န၏ ဆုတောင်းချက်မှာ ဘုရားသခင်၏ စိတ်နှလုံးအလိုဆန္ဒကို ပြောထုတ်ခြင်း၊ ပဲ့တင်ထပ်ခြင်း ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏ ထာဝရစီမံကိန်းကို သယ်ဆောင်ခြင်း

အတွက် ဘုရားဆိုင်ရာ လုပ်ရှားလုပ်ဆောင်မှု၌ လူသား၏ ပူးပေါင်းလုပ်ဆောင်ခြင်းဖြစ်သည်။

၁။ ဟန္န၏ ဆုတောင်းချက်က သူမ၏ ဆုတောင်းချက်ကို ကိုယ်တော်၏ အဖြေပေးခြင်းနှင့်အတူ ဘုရားသခင်၏ လှုပ်ရှားလုပ်ဆောင်မှုသည် ဘုရားသခင်၏ အလိုဆန္ဒပြည့်စုံခြင်းအတွက် လုံးလုံးဖြစ်သော အောင်မြင်သူ နာဇရိတစ်ဦးကို ထွက်ပေါ်စေရန်ဖြစ်ကြောင်း ညွှန်ပြသည်– အငယ်၊၁၀–၂၀။

၂။ နာဇရိတစ်ဦးသည် ဘုရားသခင်ထံ လုံးလုံးလျားလျား ဆက်ကပ်အပ်နှံသောသူ၊ ဘုရားသခင်ကို သူ၏ ရှင်ဘုရင်၊ သခင်၊ ဦးခေါင်းတော်နှင့် ခင်ပွန်းအဖြစ် ယူဆောင်သောသူ၊ လောကဆိုင်ရာ ကျေနပ်ဝမ်းမြောက်ခြင်း၌ စိတ်ဝင်စားမှု မရှိသောသူ ဖြစ်သည်။ ရှမွေလသည် မမွေးဖွားမီကပင် ထိုကဲ့သို့သော ပုဂ္ဂိုလ်ဖြစ်ရန် သူ၏ မိခင်အားဖြင့် ဆက်ကပ်အပ်နှံခြင်းခံရသော သူ ဖြစ်သည်။

**III. ရှမွေလပထမစာစောင်သည် ရှင်ဘုရင်နှင့်အတူ ကိုယ်တော်၏နိုင်ငံတော်ကို ယူဆောင်လာသည့် အမှုတော်ကို ကိုယ်စားပြုသည်။ ကျွန်ုပ်တို့သည် ၎င်းကို "ဟန္နအမှုတော်"ဟု ခေါ်ဆိုနိုင်သည်။**

က။ ပေနိန္နနှင့် ဟန္နသည် အခြေခံအားဖြင့် ခြားနားသောမူအလေ့အလာနှစ်ခုနှင့် အခြေခံအားဖြင့် ခြားနားသောအမှုတော်နှစ်ခုကို ကိုယ်စားပြုသည် (၁ရှမွေ၊၁း ၂၄၇)။ ဟန္န၏ အမှုတော်သည် ရှင်ဘုရင်ကို ယူဆောင်လာရန်သာဖြစ်ပြီး၊ များစွာသောကလေးများကို ရရှိရန် မဟုတ်ပေ။ ပေနိန္န၏ အမှုတော်သည် များစွာသောကလေးများကို ရရှိရန်၊ ယင်းမှာ အမှုတော်တစ်ခုနှင့် များစွာသောရလဒ်ကို ရရှိရန် ဖြစ်သည်။ ပေနိန္နနှင့် သူမ၏ ကလေးများသည် ဘုရားသခင်၏ လူအများစုကို ကိုယ်စားပြုသော်လည်း၊ သူတို့တစ်ယောက်မျှ ဘုန်းကြီးသောရှင်ဘုရင်အဖြစ် ခရစ်တော်ကို ပြန်လည်ခေါ်ဆောင်လာရန် ခေတ်ကိုပြောင်းလဲခြင်းနှင့် သက်ဆိုင်ခြင်းမရှိပေ (ဆာ၊၂၄း၁–၃၊ ၇–၁၀)။

ခ။ ဟန္န၏ လမ်းမှာ လွယ်ကူသောလမ်းမဟုတ်ပေ၊ ၎င်းသည် ပေနိန္န၏ နှိုင်းယှဉ်ခြင်းနှင့် မခံချိမခံသာဖြစ်အောင် ပြောဆိုခြင်းများကြောင့် ပို၍ပင် ခက်ခဲခြင်းရှိခဲ့သည်။ ဟန္နများ ဖြစ်လိုသောသူတို့သည် ညှဉ်းပန်းနှိပ်စက်ခြင်း၊ အထင်အမြင်သေးခြင်း၊ ဝိုကြွေးခြင်းနှင့် အစာရှောင်ခြင်းအတွက် ကိုယ့်ကိုယ်ကိုယ် ပြင်ဆင်ကြရမည်ဖြစ်သည်။

ဂ။ ဤသည်မှာ မည်မျှများစွာသောသူတို့ကို ကျွန်ုပ်တို့ကယ်တင်နိုင်သည်ဟူသောအကြောင်းအရာမျှသာ မဟုတ်ဘဲ၊ ဘုရားသခင်သည် အောင်မြင်သူများကို သူ၏ အဖော်အဖက်အဖြစ် ရရှိခြင်းအကြောင်းအရာဖြစ်သည်။ ဘုရားသခင်သည် ဆုတောင်းရန် တတ်စွမ်းနိုင်သောလူများ၊ ရှင်ဘုရင်ဖြစ်သောခရစ်တော်နှင့် တွဲဖက်ဘုရင်များဖြစ်သော ကိုယ်တော်၏ အောင်မြင်သူများနှင့်အတူ နိုင်ငံတော်ကို ယူဆောင်လာရန် တတ်စွမ်းနိုင်သောလူများကို ရရှိရန် အလိုရှိသည်။

ဃ။ ဟန္န၏ ဆုတောင်းချက်သည် ရှမွေလမွေးဖွားလာခြင်းအတွက် နည်းလမ်းဖြစ်သည်။ ကျွန်ုပ်တို့၏ ဆုတောင်းချက်များသည် အောင်မြင်သူများကို မွေးထုတ်ပေးသည်။ ကျွန်ုပ်တို့သည် အောင်မြင်သူများကို ထုတ်လုပ်ခြင်းအတွက် အရှိန်အဟုန်ခုနစ်ဆ မြှင့်တင်ခြင်းအဆင့်တွင် ကိုယ်တော်၏ ကောင်းကင်ဆိုင်ရာအမှုတော်၌ တက်ကြွသွားသောခရစ်တော်နှင့် တစ်လုံးတစ်ဝဖြစ်ခြင်း၌ ဆုတောင်းရန် လိုအပ်သည်–ဗျာ၊၁း၄။ ၃း၁။ ၄း၅။ ၅း၆။ ၂း၇၊၁၁၊၁၇၊ ၂၆–၂၉။ ၃း၅–၆၊၁၂–၁၃၊ ၂၁–၂၂။

င။ ဟန္နသည် သားမပါဘဲ သူမ ရှေ့ဆက်မသွားနိုင်တော့သည့် အချက်သို့ ရောက်ရှိလာခဲ့သည်။ သူမသည် သားရမှ ဖြစ်မည်ဟူသောအချက်ထိ ရောက်ရှိလာခဲ့သည်။ ၁ရှမွေ၊၁ ရှိ သားသည် ဗျာဒိတ် ၁၂ ရှိ အောင်မြင်သော၊ စုပေါင်းထားသော သား–ယောက်ျား၊ နိုင်ငံတော်နှင့်အတူ ရှင်ဘုရင်ကို ယူဆောင်လာရန် ခေတ်ကိုပြောင်းလဲစေသောသူအား ပုံဆောင်သည်။

၁။ ဘုရားသခင်၏ အရေးကြီးဆုံးသော ခေတ်ကာလပိုင်းဆိုင်ရာ လှုပ်ရှားလုပ်ဆောင်မှုကို ဦးဆောင်သောအောင်မြင်သူဖြစ်သော ခရစ်တော်နှင့် နောက်လိုက်အောင်မြင်သူများဖြစ်သောကျွန်ုပ်တို့ ပေါင်းစပ်ပါဝင်သည့် ဗျာဒိတ် ၁၂ ရှိ သား–ယောက်ျားနှင့်အတူ မြင်တွေ့ရသည်။ ဘုရားသခင်သည် ဤခေတ်ကာလကို အဆုံးသတ်ရန်၊ ရှင်ဘုရင်နှင့်အတူ ကိုယ်တော်၏ နိုင်ငံတော်ခေတ်ကာလကို ယူဆောင်လာရန် အလိုရှိနေသောကြောင့်၊ ကိုယ်တော်သည် သူ၏ ခေတ်ကာလပိုင်းဆိုင်ရာအသုံးခံ တန်ဆာပလာအဖြစ် အောင်မြင်သော၊ စုပေါင်းထားသော သား–ယောက်ျားကို လိုအပ်နေသည်။

၂။ သား–ယောက်ျားကို ချီဆောင်ခြင်းသည် အသင်းတော်ခေတ်ကာလကို အဆုံးသတ်ပြီး၊ နိုင်ငံတော်ခေတ်ကာလကို ယူဆောင်လာသည်။ ဤချီဆောင်ခြင်းပြီးနောက်တွင် – "ကောင်းကင်၌ ကြီးသောအသံကား၊ ယခုမှာ ကယ်တင်ခြင်းဖြစ်၏ ။ တန်ခိုးတော်လည်း ဖြစ်၏ ။ ငါတို့ဘုရားသခင်၏ နိုင်ငံတော်နှင့် သူ၏ ခရစ်တော် အာဏာတော်စက်လည်း ဖြစ်၏ "– အငယ်၊၁၀။

**IV. ဟန္န၏ အတွေ့အကြုံက ကျွန်ုပ်တို့သည် မိမိတို့၏ ခါးသီးခြင်းအလယ်တွင် သခင်ဘုရားရှေ့တော်၌ မိမိတို့၏ စိတ်ကို သွန်းလောင်းရန် လိုအပ်ကြောင်း ပြသနေသည် (၁ရှမွေ၊၁း၆၊၁၀၊၁၅–၁၆)။ ထွက်မြောက်ရာ ၁၅၌ အစ္စရေးအမျိုးသားတို့သည် မာရအရပ်ရှိ ခါးသောရေဆီသို့ ရောက်လာခဲ့ကြသည်။ လူများတို့သည် မောရှေကို အပြစ်တင်၍ မြည်တမ်းကြသောအခါ၊ မောရှေသည် "ယေဟောဝါအား အော်ဟစ်၍ ယေဟောဝါသည် သစ်ပင်တစ်ပင်ကို ပြတော်မူ၏ ။**

**ထိုအပင်ကို ရေထဲသို့ ချပြီးလျှင်၊ ရေသည် ချိုလေ၏'' (အငယ်၊၂၂–၂၅)။**

က။ မောရှေကို သခင်ဘုရားပြတော်မူသော သစ်ပင်သည် အသက်ပင်ကို ပုံဆောင်သည်။ ဗျာ၊၂း၇ တွင် ''အသက်ပင်''အကြောင်းကို ပြောဆိုထားသည်။ ဂရိဘာသာ၌ ဤနေရာရှိ *အပင်* အတွက် စကားလုံးသည် ၁ပေ၊၂း၂၄ ရှိ *သစ်တိုင်* အတွက် အသုံးပြုသောစကားလုံးနှင့် တူညီသည်။

၁။ ဗျာ၊၂း၇ ရှိ အသက်ပင်သည် ကားတိုင်ပေါ်တွင် အသေခံခဲ့ပြီး (သစ်တိုင်အဖြစ် ဆိုလိုထားသော သစ်ပင်၌ ညွှန်ပြသည်–၁ပေ၊၂း၂၄)၊ ရှင်ပြန်ထမြောက်ခဲ့သော (ဘုရားသခင်၏ အသက်၌ ညွှန်ပြသည်–ယော၊၁၁း၂၅) ခရစ်တော်ကို ပုံဆောင်သည်။ ထို့ကြောင့် ခါးသောရေအထဲသို့ မောရှေချခဲ့သောသစ်ပင်သည် အသက်ပင်တည်းဟူသော ကားတိုင်ပေါ် အသေခံပြီး၊ ရှင်ပြန်ထမြောက်ခဲ့သောခရစ်တော်ဖြစ်ကြောင်း ကျွန်ုပ်တို့ပြောဆိုနိုင်သည်။

၂။ ကျွန်ုပ်တို့သည် ဆုတောင်းခြင်း၌ သခင်ဘုရားထံသို့ အော်ဟစ်ကြသောအခါ၊ ကိုယ်တော်သည် ကျွန်ုပ်တို့အား အသက်ပင်တည်းဟူသော ကားတိုင်ပေါ် အသေခံပြီး၊ ရှင်ပြန်ထမြောက်ခဲ့သောခရစ်တော်၏ ရူပါရုံကို ပြသပေးသည်။ သခင်ဘုရားရှေ့တော်တွင် ကျွန်ုပ်တို့၏ စိတ်ကို သွန်းလောင်းပြီး ဆုတောင်းခြင်းမှတစ်ဆင့်၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ဖြစ်ခြင်း၏ ခါးသောရေများအထဲသို့ ဤသစ်ပင်ကို ချထားကြသည်။ ထို့နောက် ဤခါးသောရေများသည် ကိုယ်တော့်မျက်မှောက်တော်၏ ချိုသောရေများအဖြစ်သို့ ပြောင်းလဲသွားသည်။

ခ။ ဟန္န၏ ဆုတောင်းချက်သည် သူမ၏ ခါးသီးဖွယ်အခြေအနေများနှင့် သူမ၏ ခါးသီးသောဖြစ်ခြင်းမှ ထွက်ပေါ်လာခဲ့သည် (၁ရှမွေ၊၁း၆၊၁၀)။ သူမသည် ဧလိအား ''ကျွန်မသည် ဝိညာဉ်၌ ဖိနှိပ်ခံရသောမိန်းမဖြစ်၏ ။ ...ယေဟောဝါရှေ့တော်၌ စိတ်ကို သွန်းလောင်းလျက်နေပါ၏ ။ ..မြည်တမ်းစရာအကြောင်း၊ ဝမ်းနည်းစရာအကြောင်း များသည်ဖြစ်၍၊ ယခုတိုင်အောင် လျှောက်နေပါသည်။''ဟု ပြောဆိုခဲ့သည် (အငယ်၊၁၅–၁၆)။ ဆာ၊၆၂း၈ တွင် ''အို လူများတို့ ဘုရားသခင်၌ အစဉ်မပြတ် ခိုလှုံကြလော့။ /ရှေ့တော်၌ စိတ်နှလုံးကို သွန်းလောင်းကြလော့။/ ဘုရားသခင်သည် ငါတို့ခိုလှုံရာဖြစ်တော်မူ၏ ။ စေလ''ဟု ပြောဆိုထားသည်။ ဘုရားသခင်ကို ဆက်သွယ်ရန် ထိုသို့သောဆုတောင်းချက်သည် စိတ်နှလုံးမှ စစ်မှန်စွာ ပြောဆိုသည့် စကားများ ပါဝင်ထုံးဖွဲ့ထားသည်။

ဂ။ ကျွန်ုပ်တို့သည် ခါးသီးသောအခြေအနေများ၌ ရှိသောအခါတိုင်းနှင့် ကျွန်ုပ်တို့၏ ဖြစ်ခြင်း၌ ခါးသီးမှုရှိသောအခါတိုင်း၊ ကိုယ်တော်နှင့်အတူ စစ်မှန်ခြင်းနှင့် ရိုးသားမှုရှိခြင်းအားဖြင့် သခင်ဘုရားထံသို့ ကျွန်ုပ်တို့၏ စိတ်နှလုံးနှင့်အတူ ကျွန်ုပ်တို့၏ စိတ်ကို သွန်းလောင်းရန် လိုအပ်သည်။ ထိုကဲ့သို့သော ဆုတောင်းခြင်းသည် ရှင်ဘုရင်နှင့်အတူ နိုင်ငံတော်ကို ယူဆောင်လာသူ အောင်မြင်သူများကို ထွက်ပေါ်စေပါသည်။

ဃ။ ကျွန်ုပ်တို့သည် ''ခါးသောရေများ''ဆီသို့ ရောက်လာသောအခါ၊ ကျွန်ုပ်တို့၏ အတွင်းပိုင်း အနာပျောက်ခြင်းအတွက်သာမက (ထွ၊၁၅း၂၆)၊ အောင်မြင်သောနာဇရိများကို ထွက်ပေါ်စေခြင်းအတွက် ပို၍ပင် ထက်သန်ပြင်းပြသောနည်းလမ်း၌ ဆုတောင်းရန် ဘုရားသခင်သည် အုပ်စိုးမှုရှိစွာနှင့် လျှို့ဝှက်စွာ ကျွန်ုပ်တို့ကို လှုံ့ဆော်ပေးနေကြောင်း ကျွန်ုပ်တို့သိနားလည်ကြရမည်။ ထိုအောင်မြင်သူတို့သည် ရှင်ဘုရင်နှင့်အတူ ကိုယ်တော်၏ နိုင်ငံတော်ကို ယူဆောင်လာရန် ကိုယ်တော်နှင့်အတူ ပူးပေါင်းလုပ်ဆောင်မည့်သူများ ဖြစ်ကြလိမ့်မည်။ ထိုအချိန်တွင် ဘုရားသခင်၏ နာမတော်သည် မြေကြီးတစ်ပြင်လုံး၌ အလွန်ကြီးမြတ်တော်မူ၍ (ဆာ၊၈း၁)၊ လောကီနိုင်ငံသည် ''ငါတို့သခင်နှင့် ကိုယ်တော်၏ ခရစ်တော်နိုင်ငံဖြစ်လိမ့်မည်။ ကိုယ်တော်သည်လည်း ကာလအစဉ်အဆက် စိုးစံတော်မူလိမ့်မည်'' (ဗျာ၊၁၁း၁၅)။

*© 2021 Living Stream Ministry*